## ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ဖွံ့ဖြိုးရေးဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်ချက်များ

### ၁။ စာအုပ်၊ စာနယ်ဇင်းများတွင် ပညာပေးရေးသားခြင်းနှင့် အသံလွှင့်ခြင်း

(က) သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်(ရေဒီယို ကဏ္ဍ)တွင် အသံလွှင့်ခြင်းအတွက် စာမူရေးသားခြင်း

(ခ) သတင်းဆောင်ပါးများ ရေးသားခြင်း

- "A Catalyst for Promoting Traditional Medicine in Myanmar" ခေါင်းစဉ်ဖြင့် The Global New Light of Myanmar ဂျာနယ်တွင် ဆောင်းပါးရေးသားခဲ့ပါသည်။

(ဂ) MRTV မှ ရိုက်ကူးထုတ်လွှင့်သော ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် အတွက် စာမူရေးသားခြင်း

(၁) သတိပြုစရာ သွေးတိုးရောဂါ

(၂) အစာလည်းဆေး ဆေးလည်းအစာ ဆေးဖက်အသုံးဝင် ကန်စွန်းပင် ခေါင်းစဉ်များဖြင့် စာမူများ ရေးသားခဲ့ပါသည်။

### ၂။ ရုပ်သံရိုက်ကူးခြင်း အစီအစဉ်

MRTV မှ ရိုက်ကူးထုတ်လွှင့်သော "ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်" အတွက်-

(၁) အစာလည်းဆေး ဆေးလည်းအစာ သဘော်ပင်အကြောင်း သိကောင်းစရာ

(၂) သတိပြုစရာ သွေးတိုးရောဂါ စသည့်ခေါင်းစဉ်များကို ရိုက်ကူးခဲ့ပါသည်။

### ၃။ စာအုပ်/ စာစောင်/ ပိုစတာများ ရိုက်နှိပ်ထုတ်ဝေခြင်း

- မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များစာအုပ် ရိုက်နှိပ်ထုတ်ဝေခြင်း။
- အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူများအတွက် တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု သင်တန်းလက်စွဲစာအုပ် ရိုက်နှိပ်ဆောင်ရွက်နေခြင်း။
- "သတိပြုရန် မှန်လေးမှန်" ခေါင်းစဉ်ဖြင့် တိုင်းရင်းဆေးပညာပေးပိုစတာကို ရိုက်နှိပ်ထုတ်ဝေရန် ဆောင်ရွက်ခြင်း။

### ၄။ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် (CTME) ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းများထားရှိခြင်း

- ဖွံ့ဖြိုးရေးဌာနစိတ်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၅)ခုရှိ တိုင်းရင်းဆေးရုံများ၌ လစဉ်ကျင်းပပြုလုပ်သော CTME အစီအစဉ်တွင် "တိုင်းရင်းဆေးသုတေသနဆိုင်ရာ

စာတမ်းများ” ဖတ်ကြားနိုင်ရန်အတွက် လမ်းညွှန်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးဌာနစိတ်နှင့် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၊ နေပြည်တော်တို့ ပူးပေါင်းပြီး “နှင်းခူရောဂါကုထုံး”စာတမ်း ဖတ်ကြားနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

## ၅။ တိုင်းရင်းဆေးဝါးကြော်ငြာစိစစ်ခြင်း

- ရေဒီယိုကြော်ငြာ - ၃ ခု
- စာနယ်ဇင်း - ၇ ခု တို့ကို စိစစ်ပေးနိုင်ခဲ့ပါသည်။

## ၆။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြတိုက်ဖွင့်လှစ်ပြသခြင်းနှင့် စာကြည့်တိုက် ထိန်းသိမ်းခြင်း

- တိုင်းရင်းဆေးပညာဦးစီးဌာနရှိ စာကြည့်တိုက်တွင် စာအုပ်၊ စာပေများထိန်းသိမ်းခြင်း နှင့် တိုင်းရင်းဆေးပညာပြတိုက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## ၇။ အစည်းအဝေးမှတ်တမ်းရေးသားခြင်း

- ၁၉. ၈. ၂၀၁၉ ရက်နေ့ နေ့လည်(၁၃:၀၀)နာရီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်မိတ်ဆက်ပွဲနှင့် တိုင်းရင်းဆေးသံတမန် ခန့်အပ်ပွဲ အခမ်းအနား မှတ်တမ်းအား ရေးသားပြုစုခဲ့ပါသည်။

## ၈။ မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ထုတ်ဝေခြင်းနှင့် တိုင်းရင်းဆေးသံတမန် ခန့်အပ်ပွဲအခမ်းအနားနှင့် ပတ်သက်သော ဆောင်ရွက်ချက်များ

- မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်ထုတ်ဝေနိုင်ရန် စာအုပ်စာပေများကို မှတ်တမ်းတင်ပြုစုရေးသားခြင်း၊ မိန့်ခွန်းများ၊ အမှာစာများရေးသားခြင်း၊ တိုင်းရင်းဆေး သံတမန်များပြောကြားမည့် ကျေးဇူးတင်စကားများ ရေးသားပေးခြင်း၊ Media များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပြခန်းငယ် (၁၅)ခန်း ပြသနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မှတ်တမ်းများရယူခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ၉။ <u>www. dtm.gov.mm</u> website တင်ရန် သတင်းအချက်အလက်များပေးပို့ခြင်း။

- သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်တွင် ဩဂုတ်လအတွင်း အသံလွှင့်ပြောကြား ခဲ့သည့် စာမူများကို ပေးပို့ခဲ့ပါသည်။

- မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များ စာအုပ်မိတ်ဆက်ပွဲနှင့် တိုင်းရင်းဆေးသံတမန် ခန့်အပ်ပွဲအခမ်းအနားကို (၁၉. ၈. ၂၀၁၉)ရက်နေ့၊ နေ့လည် (၁၃:၀၀)နာရီအချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည့် သတင်းမှတ်တမ်း ဓာတ်ပုံ၊ ဗီဒီယိုများအား website တင်နိုင်ရန် ပေးပို့ခဲ့ပါသည်။

## ၁၀။ အထွေထွေ ဆောင်ရွက်ချက်များ

- ဖွံ့ဖြိုးရေးဌာနစိတ်၏ လစဉ်လုပ်ငန်းဆောင်ရွက်ချက်များပေးပို့ခြင်း
- ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖွံ့ဖြိုးရေးဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်ချက်များ အားပေးပို့ခြင်း
- “Training Course on Research Methodology” သင်တန်းကို (၂၇. ၈. ၂၀၁၉ ရက်နေ့မှ ၂၉. ၈. ၂၀၁၉ ရက်နေ့ထိ) တိုင်းရင်းဆေးပညာဦးစီးဌာန၊ အမျိုးသားပရဆေး ဥယျာဉ်၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ တိုင်းရင်းဆေးပညာဦးစီးဌာနကိုယ်စား သင်တန်းတက်ရောက်ခြင်း။

**မှတ်ချက်။** အခါအားလျော်စွာ အထက်မှတာဝန်ပေးအပ်သည့် urgent ကိစ္စရပ်များအား ဆောင်ရွက်ရခြင်း။

DIM

DTM